## စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဥ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ လျှောက်ထားသည့် မြေနေရာသည် လယ်ယာမြေအခြားနည်းသုံးစွဲခွင့် ခွင့်ပြုမိန့်ကျပြီး (ဥယျာဉ်ခြံမြေဖြစ်လျှင် တိုင်းလယ်စီမှ ခွင့်ပြုမိန့်ကျပြီး၊ လယ်ယာမြေဖြစ်လျှင် ဗဟိုလယ်စီမှ ခွင့်ပြုမိန့်ကျပြီး၊ ခွင့်ပြုသည့်နည်းလမ်း- စက်သုံးဆီအရောင်းဆိုင်တည်ဆောက်သွားရန်) အရောင်းဆိုင်သစ်လျှောက်ထားသည့် မြေနေရာအသုံးပြုခြင်းအတွက် လယ(၃၀)၊ လန (၃၉)၊ ၃(ခ)၊ ဂရန်မြေ စသည်ဖြင့် မြေအတန်းအမျိုးအစားအလိုက် သဘောထားမှတ်ချက်ဖြင့် စိစစ်ထောက်ခံပေးသင့်ပါသည်။ **(တိုင်းဒေသကြီး/ပြည်နယ် မြေစာရင်းဦးစီးဌာနမှ သဘောထားမှတ်ချက်ပေးရန်)**

၂။ လယ(၃၀) ခွင့်ပြုမိန့်ကျပြီးမှသာ သက်ဆိုင်ရာ မြို့နယ်လယ်စီရုံးမှ စက်သုံးဆီ အရောင်းဆိုင်သစ် လျှောက်ထားခြင်း တင်ပြရန် မြေစာရင်းပုံစံ (၁၅၀/၁၀၆)များ ရေးကူးထုတ်ပေး သင့်ပြီး၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးတို့မှလည်း လယ(၃၀) ခွင့်ပြုမိန့်ကျပြီး မှသာ စိစစ်ထောက်ခံချက်များ ထုတ်ပေးသင့်ပါသည်။ အရောင်းဆိုင်တည်နေရာကိုလည်း မြို့တွင်း(သို့)မြို့ပြင်မှတ်ချက်များဖြင့် ဖော်ပြပေးရန်လိုအပ်ပါသည်။ (ရပ်ကျေးအုပ်ချုပ်ရေးမှူး တို့မှလည်း လယ(၃၀) ခွင့်ပြုမိန့်ကျပြီးမှသာ စိစစ်ထောက်ခံချက်များ ထုတ်ပေးသင့်ပါသည်။ အရောင်းဆိုင်တည်နေရာကိုလည်း မြို့တွင်း (သို့) မြို့ပြင် မှတ်ချက်များဖြင့် ဖော်ပြပေးရန် လိုအပ်ပါသည်။ (ခရိုင်အုပ်ချုပ်ရေးမှူးတို့မှလည်း လယ(၃၀) ခွင့်ပြုမိန့် ကျပြီးမှသာ စိစစ်ထောက်ခံချက်များ ထုတ်ပေးသင့်ပါသည်။ အရောင်းဆိုင်တည်နေရာကိုလည်း မြို့တွင်း (သို့) မြို့ပြင်မှတ်ချက်များဖြင့် ဖော်ပြပေးရန်လိုအပ်ပါသည်။ **(ခရိုင်/မြို့နယ်/အုပ်ချုပ်ရေးမှူး များမှ စိစစ်ထောက်ခံပေးရန်)**

၃။ အရောင်းဆိုင်သစ်ပတ်ဝန်းကျင်၊ နယ်နမိတ်ချင်း ထိစပ်နေသည့် ရှေ့၊ နောက်၊ ဝဲ၊ ယာ နေရာများ၏ နေထိုင်သူပိုင်ရှင်များ၏ အရောင်းဆိုင်သစ် ဆောက်လုပ်ခြင်းအတွက် ကန့်ကွက် ရန်မရှိကြောင်း ထောက်ခံချက်နှင့် ၎င်းတို့အပေါ်တွင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ

အုပ်ချုပ်ရေးမှူးများ၏ ကန့်ကွက်ရန်မရှိကြောင်း စိစစ်ထောက်ခံချက်။ **(ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ/ ပတ်ဝန်းကျင်နေထိုင်သူများမှ ထောက်ခံချက်ပေးရန်)**

၄။ မြို့တွင်း/ မြို့ပြင် ကျေးရွာချင်းဆက်၊ ခရိုင်ချင်းဆက်လမ်း အမျိုးအစားအလိုက် တာဝန်ယူဆောင်ရွက်နေရသည့် ဌာနအဖွဲ့အစည်းများ၏ လမ်းနယ်နမိတ်နှင့်လွတ်ကင်း ကြောင်း စိစစ်ထောက်ခံချက်။ **(တိုင်းဒေသကြီး/ပြည်နယ် လမ်းဦးစီး၊ ကျေးလက်ဦးစီးဌာနများ မှ ထောက်ခံချက်ပေးရန်)**

၅။ ဗို့အားမြင့်လိုင်းများ၊ အန္တရာယ်ရှိသော ဓါတ်အားလိုင်းများနှင့် လွတ်ကင်းပါကြောင်း တိုင်းဒေသကြီး/ပြည်နယ် မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်းမှ စိစစ်ထောက်ခံချက်။ **(တိုင်းဒေသကြီး/ပြည်နယ် မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်းမှ ထောက်ခံချက်ပေးရန်)**

**မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်းမှ ထောက်ခံချက်ပေးရန်**

၆။ ဆေးရုံ၊ ဈေး၊ ကျောင်း၊ လူနေထူထပ်သည့် နေရာများ အနီးတဝိုက်ဖြစ်ပါက မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသည့် ဘေးကင်းလုံခြုံမှုအကွာအဝေးနှင့် သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက် ရန်။ (တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးဌာနမှ စိစစ်ထောက်ခံချက်ပေးရန်)

**ဆောင်ရွက်ရန် အချိန်ကာလသတ်မှတ်ချက်**

၇။ သက်ဆိုင်ရာအထောက်အထားများပြည့်စုံလျှင် တိုင်းဒေသကြီး/ပြည်နယ် ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီမှ ရက်သတ္တတစ်ပါတ်အတွင်း ကွင်းဆင်းစစ်ဆေး၍ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ သို့ ပြန်လည်တင်ပြသွားမည်ဖြစ်ပါသည်။

**စစ်ဆေးကြီးကြပ်ဆောင်ရွက်ရန်**

၈။ တိုင်းဒေသကြီး၊ ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီနှင့် ခရိုင်/ မြို့နယ် အဆင့် ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့တို့မှ စိစစ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။